# သခင်ယေရှုး ကောင်းကင်ဘုံသို့တက်တော်မူသော
# ပွဲတော်နေ့ကြီး

ရှင်မာတေဦး ၂၈း ၁၆ - ၂၀

ကမ္ဘာလောကထဲသို့ ဆင်းကြွမလာခင်တုံးက ယေရှုဘုရားရှင်က ခမည်းတော်ဘုရားနဲ့အတူ ရှိနေခဲ့ပါတယ်။ အခု ကမ္ဘာပေါ်မှာ လူတွေကို ကယ်တင်ဖို့ တရားဟောပြောတာတွေ ပြီးတဲ့အခါ သူ အရင်က ရှိခဲ့တဲ့ ကောင်းကင်ဘုံကို တက်ကြွသွားတာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမဦးဆုံး တရားတော်အတွက် အသေခံတဲ့ စိန်စတီးဖင်းက သူ အသေမခံခင် အချိန်လေးမှာ ကောင်းကင်ဘုံမှာ ယေရှုဘုရားရှင်က ခမည်းတော်ဘုရားရဲ့ လက်ယာဘက်မှာ ရှိနေတယ်ဆိုတာကို သူမြင်ကြောင်း ပြောပြခဲ့တာကို တမန်တော်ဝတ္ထုမှာ တွေ့ရပါတယ်။ “ထိုအခါ သူက(စိန်စတီးဖင်း)က ကြည့်လော၊ ငါသည် ကောင်းကင်ပွင့်နေသည်ကိုလည်းကောင်း၊ ဘုရားသခင်၏လက်ယာတော်ဘက်၌ ရပ်နေတော်မူသော လူသားကိုလည်းကောင်း မြင်ရ၏။” (တမန်တော်ဝတ္ထု ၇း ၅၆) ဒါကြောင့် သခင်ယေရှုက သူ့ရဲ့အရင်နေရာအတိုင်း ခမည်းတော်ဘုရားရှိတော်မူရာ ကောင်းကင်ဘုံသို့ တက်ကြွသွားတော်ခြင်း ဖြစ်ပါတယ်။

တပည့်တော်ကြီး ရှင်ပေတရုကလည်း သူ့ရဲ့ဆုံးမစာ(ရှင်ပေတရု-ပ- ၂း၁၁)မှာ “သင်တို့သည် ဤလောကတွင် ဧည့်သည်အာဂန္တုများအဖြစ် နေထိုင်ကြစဉ် သင်တို့၏ဝိညာဉ်ကို တိုက်ခိုက်လျက်ရှိသော အသွေးအသား၏တပ်မက်မှုဆန္ဒများကို ရှောင်ကြဉ်ကြရန် သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပါ၏။” ရေးထားပါတယ်။ ကျနော်တို့ဟာ ဒီလောကမှာ ဧည့်သည်တွေဖြစ်ကြတယ်ဆိုရင် ကျနော်တို့ရဲ့ တကယ်နေရမည့်နေရာက ကောင်းကင်ဘုံပဲဖြစ်တယ်လို့ သတိပေးထားပါတယ်။ ကောင်းကင်ဘုံဆိုတာ ဘုရားသခင် နေတဲ့နေရာ၊ ဘုရားနဲ့အတူ ထာဝရနေရမည့်နေရာဖြစ်ပါတယ်။ ကောင်းကင်ဘုံမှာဆိုရင် ဘုရားရဲ့အလိုတော်အတိုင်း နေထိုင်နေကြလို့ ချစ်ခြင်းမေတ္တာရှိတဲ့နေရာ၊ ငြိမ်းချမ်းသာယာတဲ့နေရာလည်း ဖြစ်ပါတယ်။ ဒါဆိုရင် အခု လောကမှာ အသက်ရှင်နေကတည်းက ချစ်ခြင်းမေတ္တာထားပြီး အသက်ရှင်နေထိုင်တဲ့သူတွေဟာ မသေခင်ကတည်းက ကောင်းကင်ဘုံကို ရောက်နေတဲ့လူတွေလိုပါပဲ။

တပည့်တော်ကြီး ပေတရုက “ တပည့်တော်တို့သည် ရှိသမျှကို စွန့်လွှတ်ပြီးတော့ ကိုယ်တော့်နောက်တော်သို့ လိုက်ခဲ့ကြပါပြီ။ တပည့်တော်တို့ ဘာရမှာလဲဘုရား”(ရှင်မာကု ၁၀း၂၈)လို့ သခင်ယေရှုကို မေးလျှောက်တဲ့အခါ သခင်ယေရှုက “သင်တို့အား ငါဧကန်အမှန်ဆိုသည်ကား မည်သူမဆို ငါ့အတွက်နှင့် ဧဝံဂေလိတရားတော်အတွက် အိမ်၊ ညီအစ်ကို၊ နှမ၊ မိဘ၊ သားသမီးနှင့် မြေယာများကို စွန့်လွှတ်လျှင် ယခုဘဝတွင် ညှင်းဆဲခံရခြင်းနှင့်တကွ အိမ်၊ ညီအစ်ကိုများ၊ နှမများ၊ မိခင်များ၊ သားသမီးများနှင့် မြေယာများကို အဆတစ်ရာ မရဘဲမနေသကဲ့သို့ နောင်ဘဝတွင်လည်း ထာဝရအသက်ကို မရဘဲ မရှိရာ။” ဒီနေရာမှာ “နောင်ဘဝတွင်လည်း ” လို့ ယေရှုဘုရားရှင်က မိန့်တော်မူထားလို့ နောင်ဘဝမှာ ရမည့်ထာဝရအသက်ဟာ ကောင်းကင်ဘုံမှာ နေရခြင်းပဲ ဖြစ်ပါတယ်။ ဆက်လက်ပြီး သခင်ယေရှု မိန့်တော်မူတာက “သို့သော် ပထမဦးဆုံးသောသူများစွာတို့သည်

နောက်ဆုံး ဖြစ်ကြလိမ့်မည်။ နောက်ဆုံးသောသူတို့သည်လည်း ပထမဦးဆုံးဖြစ်ကြလိမ့်မည်”ဟု မိန့်တော်မူပါတယ်။ ပထမဦးဆုံးသူတွေက နောက်ဆုံးဖြစ်ကြမယ်၊ နောက်ဆုံးသောသူတွေက ပထမဦးဆုံးဖြစ်ကြမယ်ဆိုတာ ဘာကို ပြောတာလဲ။ လောကမှာ တန်ဖိုးထားတဲ့ဟာတွေနဲ့ ကောင်းကင်ဘုံမှာ တန်ဖိုးထားရာတွေက တခြားစီ ဖြစ်နေပါလိမ့်မယ်လို့ ဆိုလိုပါတယ်။ ဥပမာ လောကမှာ သိတ်ကို အရေးပါအရာရောက်တယ်လို့ ထင်ရတဲ့သူက ကောင်းကင်ဘုံမှာ အလကားကောင် ဖြစ်နေမယ်။ လောကမှာ နှိမ့်ချစွာနဲ့ သိမ်ငယ်နေရတဲ့သူဟာ ကောင်းကင်ဘုံမှာ ကြီးမြတ်တဲ့သူ ဖြစ်နေလိမ့်မယ်။ လောကမှာ အများပြည်သူအတွက် ကိုယ်ကျိုးစွန့်ခဲ့သူတွေကို အရှုံးသမားလို့ ထင်နေရပေမဲ့ ကောင်းကင်ဘုံမှာ သူတို့တွေက ကြီးမြတ်ဆုံးသူတွေ ဖြစ်နေပါလိမ့်မယ်။ ဒီလိုပါပဲ လောကမှာ ယုတ်မာကောက်ကျစ်တဲ့လူတွေဟာ ပြန်ခံရမယ်။ လောကမှာ မတရားခံခဲ့ရသူတွေက ထာဝရအသက်ချမ်းသာ စံစားရမယ်ဆိုတာ ရှင်းနေပါတယ်။

ဒါကြောင့် လောကက လူတွေရဲ့အတွေးအခေါ်နဲ့ ကောင်းကင်ဘုံက ဘုရားရဲ့အတွေးအခေါ်က မတူကြပါဘူး။ ဘုရားက “တောင်းလျှင် ရလိမ့်မည်” လို့ မိန့်တော်မူထားတာက လူတွေဆီမှ ယုံကြည်ခြင်း ထွက်ပေါ်လာစေဖို့ပါ။ အခုတော့ လူတွေက လောကဆံတဲ့ ဥစ္စာပစ္စည်းကိုပဲ အာရုံရောက်ပြီးတော့ “ရလျှင် တောင်းလိမ့်မည်” လို့ ပြန်ပြောကြပါတော့တယ်။ ရရင် တောင်းမယ်၊ မရရင် မတောင်းတော့ဘူး၊ မယုံတော့ဘူး ဆိုပြီး ဘုရားကို ပစ်ပယ်ကြပါတယ်။ ဘုရားသခင်က လူတွေထံမှ မျှော်နေတာက ယုံကြည်ခြင်းပါပဲ။

လူတွေက ဘုရားသခင်ရဲ့ ကောင်းကင်ဘုံကိုတောင် လောကဆံဆံ မြင်နေတတ်ကြပါတယ်။ ရှင်မာတေဦး ၂၂:၂၄ မှာ သခင်ယေရှုကို မေးကြတာက “ဆရာသခင်၊ လူတစ်ဦးသည် သားသမီးမထွန်းကားဘဲ သေဆုံးခဲ့လျှင် သူ၏အမျိုးအနွယ်ဆက်လက်တည်တံ့စေခြင်းငှာ သူ၏ညီဖြစ်သူသည် ထိုမုတ်ဆိုးမကို ယူစေဟု မိုးဇက် သွန်သင်ခဲ့ပါ၏။ ကျွန်ုပ်တို့အလယ်တွင် ညီအစ်ကို ခုနစ်ယောက်ရှိခဲ့ပါ၏။ အစ်ကို အကြီးဆုံးသည် အိမ်ထောင်ပြုပြီး သားသမီးမရဘဲ သေဆုံးသွားသောကြောင့် သူ၏ဇနီးကို ညီဖြစ်သူနှင့်အိမ်ထောင်ဆက်စေခဲ့ပါ၏။ ဒုတိယညီနှင့် တတိယညီမှစ၍ သတ္တမညီတိုင်အောင် ထိုနည်းအတိုင်း သေဆုံးခဲ့ကြပါ၏။ နောက်ဆုံး၌ ထိုမိန်းမသည်လည်း သေဆုံးခဲ့ပါ၏။ သို့ဖြစ်လျှင် ရှင်ပြန်ထမြောက်သောကာလ၌ သူမသည် ထိုသူခုနစ်ယောက်တို့အနက် မည်သူ၏ဇနီး ဖြစ်မည်နည်း။ အဘယ့်ကြောင့်ဆိုသော် ထိုသူအားလုံးတို့သည် သူမနှင့် စုံဖက်ခဲ့ကြပါပြီ ” လို့ မေးကြပါတယ်။ ဒီအခါ သခင်ယေရှုက ကောင်းကင်ဘုံကို ရောက်တဲ့အခါ လူတွေက ထိမ်းမြားခြင်းလည်း မပြု ပေးစားခြင်းလည်း မခံကြရဘဲ ကောင်းကင်တမန်တော်တွေလို ဖြစ်ကြရလိမ့်မယ် တဲ့ ။ ကောင်းကင်တမန်တော်မှာ အထီးနဲ့ အမဆိုတာ ရှိသလား ဗျာ ။ ဒါကြောင့် လောက လူတွေက ကိုယ်ကာယရေးကိုပဲ အာရုံရောက်နေတတ်ကြတယ်။ ဒါကြောင့် ကောင်းကင်ဘုံအကြောင်းကို နားလည်ဖို့ထက် ဘုရားသခင်ရဲ့တန်ခိုးကို သိဖို့ လိုပါတယ်။ သခင်ယေရှု ဆက်လက် မိန့်တော်မူတာက “ထာဝရဘုရားသခင်က ငါသည် အာဘရာဟံ၏ဘုရား၊ အီဇတ်၏ဘုရား၊ ယာကုတ်၏ဘုရား ဖြစ်တော်မူ၏” လို့ မိန့်တော်မူထားတာကို ကြည့်ခြင်းအားဖြင့် အာဘရာဟံ၊ အီဇတ်၊ ယာကုတ်တို့ဆိုတာ မရှိကြတော့တဲ့လူတွေ မဟုတ်ဘူး၊ အခု သူတို့ဟာ ကောင်းကင်ဘုံမှာ

ထာဝရအသက်ရှင်နေတယ်ဆိုတာကို ဆိုလိုပါတယ်။ သေပြီး မရှိကြတော့တဲ့လူတွေကို စကားထဲထည့်ပြောနေပဲ့မလား။ ဒါကြောင့် ထာဝရနေရမည့် ကောင်းကင်ဘုံဆိုတာ တကယ်ရှိကြောင်း မိန့်တော်မူထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ထာဝရရှင်သန်နေတဲ့ဘုရားကို သင့်ဘဝမှာ အလေးထားပါ။ ချစ်ခင်မြတ်နိုး ကိုးကွယ်ဆည်းကပ်ပါ။

လက်ဝါးကားတိုင်ပေါ်မှာ အတူခံရတဲ့ သူခိုးတစ်ယောက်ကိုလည်း သခင်ယေရှုက "ဒီနေ့ည သင်သည် ငါနှင့်အတူ ပါရာဒီဇုးဘုံ (ကောင်းကင်ဘုံ)မှာ အတူရှိလိမ့်မယ်'' လို့ ကတိပေးတော်မူခဲ့ပါတယ်။ ဒါကြောင့် ကောင်းကင်ဘုံဟာ ကျနော်တို့အတွက် အဆင်သင့် စောင့်နေပါတယ်။ သခင်ယေရှုက "ငါသည် သွား၍ သင်တို့အတွက် နေရာပြင်ဆင်ပြီး သင်တို့ကို ငါ လာခေါ်မယ်" လို့လည်း မှာကြားထားခဲ့ပါသေးတယ်။

သံပေါလူးရေးထားတဲ့ ကော်ရိန္သုဩဝါဒ ပထမစောင် ၂း၉ မှာ "ကျမ်းစာတော်မြတ်၌လည်း ရေးထားသည်ကား မည်သည့်မျက်စိနှင့်မျှ မမြင်စဖူး၊ နားဖြင့်လည်း မကြားစဖူး၊ လူသား၏စိတ်နှလုံးဖြင့်လည်း မတွေးမိဖူးခဲ့သည့် အမှုအရာကို ဘုရားသခင်သည် မိမိအား ချစ်သောသူတို့အတွက် ပြင်ဆင်ထားတော်မူ၏။" ကျနော်တို့ ယာယီနေရမည့် ကမ္ဘာကြီးကိုတောင် ဒီလောက်လှအောင် ဖန်ဆင်းနိုင်တဲ့ဘုရားသခင်က ကျနော်တို့ ထာဝရနေရမည့်ကောင်းကင်ဘုံဆို ဘယ်လောက်တောင် လှပအောင် ဖန်ဆင်းထားမလဲဆိုတာ ခန့်မှန်းကြည့်ကြပေတော့။

အခုလို သခင်ယေရှုက ကောင်းကင်ဘုံသို့ တက်ကြွသွားပေမဲ့ ဝိညာဉ်တော်ဘုရားအားဖြင့် ကျနော်တို့နဲ့အတူ ဆက်ရှိနေပါတယ်။ ဒါကြောင့်လည်းဘဲ တပည့်တော်ကြီးတွေ တရားဟောပြောတဲ့နေရာတိုင်းမှာ သခင်ယေရှုကလည်း တန်ခိုးတွေ လုပ်ပေးပြီး ကူညီနေတာကို တမန်တော်ဝတ္ထုမှာ တွေ့ရပါတယ်။ တပည့်တော်ကြီး ရှင်ပေတရုဆိုရင် သေတဲ့လူကိုတောင် ပြန်ရှင်အောင် ဘုရားရဲ့တန်ခိုးတော်နဲ့ လုပ်နိုင်သေးတာပဲ။ ရှင်ပေါလူးလည်း ဘုရားရဲ့တန်ခိုးတော်နဲ့ လူနာတွေကို ရောဂါပျောက်ကင်းအောင် လုပ်ခဲ့တယ်။ တပည့်တော်ကြီး ဖိလိပုဆိုရင် တနေရာမှာ ပျောက်ကွယ်သွားပြီးတော့ နောက်တနေရာမှာ ပြန်ပေါ်လာနိုင်တယ်ဆိုတာ ကျမ်းစာထဲမှာ တွေ့ရပါတယ်။ ယနေ့ခေတ်မှာလည်း အီတလီပြည်က ဖါသာရ် ပီးအိုဆိုရင် သခင်ယေရှုလို ဒဏ်ရာတော် ငါးချက် ရတဲ့အပြင် သူသေသွားတာ နှစ်ပေါင်း ၁၀၀ ကျော်နေပေမဲ့ သူ့အလောင်းက ယနေ့အထိ မပုပ်ပျက်ပဲ ပကတိအတိုင်း ဆက်လက်တည်ရှိနေတယ်။ ဒါတွေက ဘာကိုပြနေတာလဲဆိုရင် ယေရှုဘုရားရှင်က ကောင်းကင်ဘုံသို့ တက်ကြွသွားတယ်ဆိုပေမဲ့ ကျနော်တို့နဲ့ အတူတူ ရှိနေတယ်ဆိုတာ ထင်ရှားနေပါတယ်။

လောကထဲမှာ ရှင်သန်နေထိုင်နေကြရတဲ့ ကျနော်တို့မှာ ဒုက္ခအခက်အခဲများစွာနဲ့ နေနေရပါတယ်။ ဝမ်းနည်းနေကြရပါတယ်။ ဒါပေမဲ့ ယေရှုဘုရားရှင် မိန့်မှာထားခဲ့တာက "သင်တို့က ဝမ်းနည်းနေရတဲ့အချိန်မှာ လောကသားတွေက ဝမ်းသာနေကြလိမ့်မယ်။ ဒါပေမဲ့ သင်တို့ရဲ့ ဝမ်းနည်းခြင်းက ဝမ်းမြောက်ခြင်းသို့ ပြောင်းလဲလိမ့်မယ်" တဲ့ ။ ဆိုလိုတာက လောကမှာ သင်တို့ ဝမ်းနည်းစရာတွေ ကြုံရလည်း ယာယီပါပဲ ။ သင့်ရဲ့ ဝမ်းနည်းခြင်းက အဆုံးရှိမယ်လို့ ပြောတာပါ။ အေး ယုတ်မာတဲ့ လောကသားတွေက အခု ဝမ်းသာနေကြပေမဲ့ သူတို့ ကြုံရမည့် ဝမ်းနည်းခြင်းက ထာဝရခံရမယ်နော်၊ ငိုကြွေး၍ အံသွားခဲကြိတ်နေရလောက်အောင်အထိ ငရဲမှာ ခံရလိမ့်မယ်ဆိုတာကို

ယေရှုဘုရားရှင်ကိုယ်တိုင် မိန့်တော်မူထားပါတယ်။

လောကမှာ ဧည့်သည်အဖြစ်နေရစဉ်ခဏမှာ သည်းခံကြပါ။ ကိုယ်ခံစားရတဲ့ အခက်အခဲတွေကို ဘုရားထံမှာ ပူဇော်ပြီး ခံထမ်းပါ။ ဘုရားကို ချစ်ရင် ပူဇော်ပြီးခံထမ်းရတဲ့အခါတိုင်း သင်က ခွန်အားအပြည့်နဲ့ ဖြစ်လာပါလိမ့်မယ်။ သံပေါလူးလိုပေါ့ ၊

"ငါသည် အားနည်းခြင်းများ၊ ကဲ့ရဲ့စော်ကားခြင်းများ၊ အခက်အခဲများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ဘေးဒုက္ခများကို ခရစ်တော်အတွက် ခံထမ်းရခြင်းကြောင့် အားရကျေနပ်မိ၏။ အကြောင်းမူကား ငါသည် အားနည်းသောအခါ ခွန်အားနှင့် ပြည့်စုံလာသောကြောင့်ဖြစ်၏။" (ကော်ရိန္သုဩဝါဒစာ ဒုတိယစောင် ၁၂း ၁၀)

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။